Prevent Child Abuse Indiana

A Division of The Villages

A Chartered State Chapter of Prevent Child Abuse America

INDIANA Kids First CARE PREVENTING CHILD ABUSE



# အနိုင်ကျင့်ခြင်း

## ကိုယ်တိုင် သင်ယူလေ့လာပါ

အနိုင်ကျင့်ခြင်းသည် ကလေးများ စတင်ကြီးပြင်းချိန်ကတည်းက ဘဝတစ်စိတ်တစ်ပိုင်းအဖြစ် ကြုံတွေ့ရသည့်အရာ ဖြစ်နေနိုင်သည်။ သို့ရာတွင် တစ်ချိန်က “ကလေးဘဝ၏ တစ်စိတ်တစ်ဒေသ” အဖြစ် ယူဆခဲ့သောအရာကို ယခုအခါ လွန်စွာဆိုးရွားပြင်းထန်ပြီး တစ်ခါတစ်ရံ သေစေနိုင်လောက်သည့် နှိပ်စက်ညှဉ်းပန်းမှုအဖြစ် ရှုမြင်လာကြပြီဖြစ်သည်။ လူကြီးများနှင့် သက်တူရွယ်တူများသည် အနိုင်ကျင့်ခြင်းကို တွန်းလှန်ရန်နှင့် အနိုင်ကျင့်နေသည်ဟု ယူဆပါက ချက်ချင်း ကြားဝင်ဖြေရှင်းပေးရန် လိုအပ်သည်။ အစကတည်းက အနိုင်ကျင့်ခြင်း မဖြစ်ပွားအောင် ကြိုတင်တားဆီးနိုင်မည့် နည်းလမ်းများကို ရှာဖွေကြပါစို့။

## ကြိုတင်တားဆီးရေး အကြံပြုချက်များ

ဤအချက်များသည် အနိုင်ကျင့်ခြင်း (အွန်လိုင်းပေါ်တွင် အနိုင်ကျင့်ခြင်း အပါအဝင်) ကို ကြိုတင်တားဆီးရန်နှင့် တုံ့ပြန်ရန် အကြံပြုချက်အချို့ဖြစ်သည်-

- အနိုင်ကျင့်ခံရခြင်းသည် ကလေးဘဝ၏ "ပုံမှန် ဖြစ်စဉ်" တစ်ခုမဟုတ်ကြောင်း နားလည်ပါ။ ၎င်းသည် ရေရှည်ထိခိုက်နစ်နာစေပြီး အသက်ဆုံးရှုံးစေသည့် အကျိုးဆက်များအထိ ရှိနိုင်ပါသည်။
- ကျောင်းနှင့်အိမ် နှစ်နေရာလုံးတွင် ဖြစ်ပျက်သမျှကို ဂရုစိုက်၍ ကြည့်ရှုပါ။ ကလေးက ကျောင်းသွားရမည် သို့မဟုတ် လှုပ်ရှားမှု လုပ်ရမည်ကို ကြောက်ရွံ့လာလျှင် မေးခွန်းများ မေးပါ။
- ကျောင်းတွင် သို့မဟုတ် အားကစားလှုပ်ရှားမှုများတွင် ရှင်းလင်းပြတ်သားသော စည်းကမ်းထိန်းသိမ်းရေး မူဝါဒများရှိပြီး အနိုင်ကျင့်ခြင်းကို လုံးဝလက်မခံကြောင်း နားလည်အောင်လုပ်ပါ။
- ဆရာများနှင့် မိဘများအတွက် အနိုင်ကျင့်မှုနှင့်ပတ်သက်၍ သတိထားကြည့်ရမည့် အရာများနှင့် ကြိုတင်တားဆီးနည်းဆိုင်ရာ အသိပညာပေး သင်တန်းများ ပို့ချပါ။
- ကိုယ်တိုင်အနိုင်ကျင့်ခံရပါက သို့မဟုတ် တစ်စုံတစ်ယောက် အနိုင်ကျင့်ခံနေရကြောင်း သိရှိပါက “စိတ်ချရသော လူကြီးများ” နှင့်အတူ ဆွေးနွေးတိုင်ပင်ရန် လူငယ်များကို တိုက်တွန်းပါ။
- အွန်လိုင်းအသုံးပြုစဉ် ကလေးများကို ကြီးကြပ်ကွပ်ကဲပြီး အခြားသူများနှင့်ပတ်သက်သော အန္တရာယ်ရှိသည့် အချက်အလက်များကို ဘယ်တော့မှ မမျှဝေရန် ပြောပြပါ။
- ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းတွင် လုံးဝမမျှဝေရန် ကလေးများကို ပြောပြပါ။
- ကလေးများ၏ လူမှုကွန်ရက် ဝက်ဘ်ဆိုက်များကို မဖြစ်မနေ ကြည့်ရှုခွင့်တောင်းပါ။
- စာနာမှုနှင့် ပေါင်းသင်းဆက်ဆံရေး စွမ်းရည်များကို သင်ကြားပေးပါ။ သို့မှသာ ကလေးများသည် တစ်ပါးသူကို ထိခိုက်အောင်လုပ်ခြင်း သို့မဟုတ် စနောက်ခြင်းက မည်မျှနစ်နာမှုရှိစေကြောင်း သိရှိနားလည်လျက် ကောင်းစွာကြီးပြင်းနိုင်ပါမည်။
- အထူးသဖြင့် အနိုင်ကျင့်သည့် အပြုအမူများရှိသည်ဟု သင်သိထားသော သို့မဟုတ် သံသယရှိသော ကလေးများအတွက် “ကောင်းမွန်စွာ နေထိုင်ရန်” အခွင့်အလမ်းများပေးပါ။

**ပိုမိုလေ့လာပါ**

အောက်တွင် စကန်ဖတ်ခြင်းဖြင့် စာစောင်အပြည့်အစုံကို ကြည့်ရှုပါ။

## နောက်ထပ် ရင်းမြစ်များ

နောက်ထပ်အချက်အလက်များကို သိရှိရန် ဤဝက်ဘ်ဆိုက်များကို ဝင်ကြည့်ပါ။

https://tinyurl.com/mrye6z88

https://tinyurl.com/4w7ru4ss

https://tinyurl.com/5ckhadh6